Highlights from DVB Debate's Ethnic rights

Feb 10th, 2018

## "What are ethnic rights exactly?

"တိုင်းရင်းသားအခွင့်အရေးကဘာလဲ? ပင်လုံအိပ်မက်နီးပြီလား?"

"ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီးတော့ ပြည်ထောင်စုကိုပေါင်းလာတာဖြစ်တယ်။ ဒီအခွင့်အရေးတွေက ကိုလိုနီ ခေတ်တုန်းကတောင်မှ အပြည့်အဝရှိခဲ့ပြီးတော့ အခုကျနော်တို့အားပျောသွားပါတယ်။ ကိုယ်ပိုင်ပြဌာန်းခွင့်တွေ မရှိတော့ဘူး။ လုပ်ပိုင်ခွင့်အားလုံးဆုံးရှုံးသွားတဲ့သဘောဖြစ်တယ်။ ပင်လုံစာချုပ်ချုပ်ဆိုပြီးတဲ့နောက်ပိုင်းမှာ ကျနော်တို့အခွင့်အရေးက ပြည့်စုံသွားတာမဟုတ်ဘဲနဲ့ယခင်ကရှိပြီးသားတွေ ဆုံးရှုံးသွားတဲ့သဘောရှိပါတယ်။ "

**ဒေါက်တာ ဆလိုင်းလျံမှုန်းဆာခေါင်-ဒုဥက္ကဌ (ချင်းအမျိုးသားတပ်ဦး)**

------------------------------------------------------------------------------------------------

"ပင်လုံစာချုပ်ပြီးရင် အစိုးရနဲ့တိုင်းရင်းသားကြားမှာ ခိုင်ခိုင်မာမာချုပ်ဆိုတဲ့စာချုပ်ဆိုလို့ NCA တစ်ခုထဲရှိတယ်။ အဲဒီအတွက်ကြောင့် ပင်လုံအိပ်မက်နီးလာပြီ။ ဒီ NCA စာချုပ်ကို အပြည့်အဝအကောင်အထည်ဖော်ဖို့ပဲလိုတယ်။ "

**ဒေါက်တာ ဆလိုင်းလျံမှုန်းဆာခေါင်-ဒုဥက္ကဌ (ချင်းအမျိုးသားတပ်ဦး)**

------------------------------------------------------------------------------------------------

"လက်နက်ကိုင်ထားတဲ့တိုင်းရင်းသားအဖွဲ့အစည်းတွေရော ပြည်တွင်းမှာရှိတဲ့တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ ပါတီတွေကရော ကျနော်တို့အစိုးရကို အများကြီးမျှော်လင့်ခဲ့ကြတယ်။ သူတို့မျှော်လင့်ခဲ့သလောက်ကို မစွမ်းဆောင်နိုင်သေးဘူးလို့ ကျနော် ရိုးသားစွာဝန်ခံရမှာဖြစ်ပါတယ်"

**ဆရာမျိုးရန်နောင်သိမ်း ။ အတွင်းရေးမှူး (ဗဟိုသုတေသန လမ်းညွှန်အဖွဲ့ ။ NLD)**

------------------------------------------------------------------------------------------------

"ဗိုလ်ချုပ် အောင်ဆန်းက ကချင်တစ်ကျပ် ဗမာတစ်ကျပ်လို့ ပြောတဲ့အတွက်ကြောင့် အဓိကက တန်းတူရေး (Equality ) အိမ်မက်နဲ့ အတူတကွပေါင်းစည်းရေးကို လုပ်ခဲ့ကြတာ။ ဒါပေမယ့် အဲဒီတုန်းကတောင်းဆိုချက်ရှိတယ်။ ပင်လုံစာချုပ်က MOU သဘောပဲရှိတယ်။ အဲဒီတောင်းဆိုချက်က လုံးဝလွတ်လပ်သော ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူညီမျှမှုကိုတောင်းဆိုထားတာပါ။ ဝင်ရောက်စွက်ဖက်ခွင့်ကို လုံးဝမပေးပါဘူး။ ကျနော်တို့ ပြည်နယ်ရဲ့ ဦးဆောင်မှုကို ကျနော်တို့ လူမျိုးတွေကသီးခြားဆောင်ရွက်မယ်။ ဗဟိုကိုထောက်ပံစရာရှိတာ ထောက်ပံမယ်။ အဲဒီဖက်ဒရယ်သဘောတရားကိုစွဲကိုင်ထားတာက ဒီကနေ့ ထိပါပဲ။"

**ဒေါက်တာ M ကောန်လ၊ ဉက္ကဌ (ကချင်အမျိုးသားကွန်ကရက်ပါတီ)**

---

"၂၀၀၈ ဖွဲ့ စည်းပုံအရ သမ္မတက ပြည်နယ်ဝန်ကြီးချုပ်ကို တိုက်ရိုက်ခန့် အပ်တဲ့စနစ်က ဖက်ဒရယ်နဲ့ လုံးဝဆန့် ကျင်ဖက်မူပါ။ ပြည်ထောင်စုကြီး တကယ် နီးပြီလားဆိုရင် ကျနော်ကတော့ မနီးသေးဘူး ဆိုတဲ့ဖက်က ပြောရမယ်။ ပရောဆက်ကတော့ စနေပြီ။ အရင်မရှိဘူးတဲ့ NCA ဆိုတာရှိလာတယ်။ ၈ ဖွဲ့ လက်မှတ်ထိုးတယ်။ ၈ဖွဲ့ ထဲမှာလည်း Discrimination ခွဲခြားဆက်ဆံမှုတွေရှိနေတယ်။ ဒါတပ်ဖက်က ကစားတာ ရှိတယ်။ အစိုးရဖက်ကတော့ ကျနော်တိတိကျကျမပြောတတ်ဘူး။ လက်နက်အင်အားကောင်းတဲ့ အဖွဲ့ နဲ့ မကောင်းတဲ့ အဖွဲ့ ကို ဆက်ဆံရေးခြင်းကွာပါတယ်။ ကျန်တဲ့လက်နက်ကိုင်အဖွဲ့ တွေကို ထည့်သွင်း ပါဝင်ဖို့ စဉ်းစား မှသာလျှင် ပင်လုံဆိုတဲ့ဟာက တဖြေးဖြေးနီးလာမှာဖြစ်ပါတယ်။"

**ခိုင်ကျော်မိုး ၊ ဗဟိုအလုပ်အမှုဆောင် (ရခိုင်အမျိုးသားပါတီ)**

---

"မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာဟာ အဓိကက မြန်မာလူမျိုးတွေအတွက် ပြည်နယ်မဖွဲ့ စည်းနိုင်တာပဲ။ဒါကြောင့် ဒီပြဿနာ တွေအားလုံးဖြစ်ပေါ်လာတယ်လို့ ကျနော်ယူဆတယ်။"

**အထူးဧည့်သည် ။ ဦးကျော်စိုး ( ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဝင်။ ဖိုမီးဒီမိုကရေစီအဖွဲ့ ချုပ်)**

---